ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project
# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)
## ကြာကန်၊ ရွာသစ်ကလေးကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

## မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ.......................................................................................................2

၂။ရွာသစ်ကလေးကျေးရွာအုပ်စုမြေပုံ.......................................................................................................3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း.......................................................4

၄။ကျေးရွာအခြေခံအချက်အလက်များ.......................................................................................................5

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်....................6

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ...7

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ..................... 23

၈။ကျေးရွာကော်မတီစာရင်း.......................................................................................................27


၉။ပုံစံ-၁။ကျေးရွာအချက်အလက်.......................................................................................................28

၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .......................................................................................................31

၁၁။အစည်းအဝေးမှတ်တမ်းများ.......................................................................................................34


၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)................................................. 40

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ကြာကန်ကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ ကြာကန်ကျေးရွာ

၂။ ရွာသစ်ကလေးကျေးရွာ

၃။ စန္ဒီကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ကြာကန်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၃၇)မိုင်ခန့်ကွာဝေးသော ရွာတစ်ရွာဖြစ်ပါသည်။ ကြာကန်ကျေးရွာကို (၁၈၆၀)ခုနှစ်တွင် မလှဘို မိသားစုမှစတင် တည်ထောင်ခဲ့ပါသည်။ ဗမာလူမျိုးများ စတင်နေထိုင်ခဲ့ကြပြီး ကြာပင်များတွေ့ရှိသည့်ကန်ကို အစွဲပြု၍ ကြာကန်ဟု အမည်တွင်စေခဲ့သည်။ ရွာစတည်စဉ်က အိမ်ထောင်စု(၂၀)လောက်သာ စတင်နေထိုင်ခဲ့ပြီး လူဦးရေ(၁၅၀) လောက်သာရှိကာ လက်ရှိအချိန်တွင် အိမ်ထောင်စု(၁၅၀)ရှိ၍ လူဦးရေ(၅၆၃) ယောက်နေထိုင်ကြပါသည်။ ဗမာ လူမျိုး အများစုနှင့် ဟိန္ဒူလူမျိုးစု အနည်းငယ်သာ နေထိုင်ကြသည်။ ရှေးယခင်အချိန်မှ စ၍ယခုအချိန်ထိ စပါးကို သာအဓိကထား စိုက်ပျိုးကြပါသည်။ ယခုအချိန်တွင် သီးထပ်စိုက်ပျိုးရေးအဖြစ် ပဲတီစိမ်းနှင့် မတ်ပဲကိုလည်း စိုက်ပျိုးလာကြသည်။ စေတီ၊ ဘုန်းကြီးကျောင်း၊ ကန်များအပြင် လမ်းများကိုလည်း စနစ်တကျ ပြုပြင်နေထိုင်လာ ကြသည်။ မူလတန်း ကျောင်း(၁)ကျောင်းရှိပြီး လျှပ်စစ်မီးရရှိခြင်းမရှိသေးပေ။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၁၅ | ၄၇ | ၃၅ | ၈၂ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂၈ | ၃၁ | ၃၄ | ၆၅ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၂ | ၁ | ၁ | ၂ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | အရောင်းအဝယ် | ရေလုပ်ငန်း |
| | ဘဲ | ဆန်စက် | |
| | ဆိတ် | | |
| | နွား | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၂၅၀ | - | - | - | -/၃ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | - | ၄၅ | ၁ | ၂/၁၀ | ၈၀ | ၃ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁ | ၂၀ | ၂၀ | ၁၀ | ၃၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၅/၅၀ | ၃၀ | ၈ | ၄၀ | ၄ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၄-၁၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၃ | ၉ | ၂၂ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၄-၁၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၅ | ၁၈ | ၃၃ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၄-၁၂-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၁၂ | ၁၉ | ၃၁ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သတ်မှတ်ချက် | ၄-၁၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၂ | ၉ | ၂၁ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၄-၁၂-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၀ | ၁၃ | ၂၃ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၄-၁၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၃ | ၂၈ | ၅၁ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။



## သုံးသပ်ချက်

ရွာသစ်ကလေးကျေးရွာအုပ်စု၊ ကြာကန်ကျေးရွာသည် အိမ်ထောင်စုပေါင်း(၁၅၀)စုရှိပြီး လူဦးရေ(၅၆၃)ယောက်ရှိပါသည်။ ကြာကန်ကျေးရွာတွင် ဗမာလူမျိုးစု အများဆုံးနေထိုင်ပြီး ဟိန္ဒူလူမျိုးစု အနည်းငယ်လည်း နေထိုင်ကြသည်။ ကျေးရွာ၏ အဓိက လုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူးရေး တို့ကို လုပ်ကိုင်ကြပါ သည်။ ရေကန်(၃) ကန်ရှိပြီး နွေရာသီတွင် သောက်ရေ၊ သုံးရေလုံလောက်မှု မရှိပါ။ စေတီ(၁)ဆူနှင့် ဘုန်းကြီးကျောင်း(၁)ကျောင်း လည်းကျေးရွာတွင်ရှိသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် စန္ဒီကျေးရွာရှိပြီး အနောက်မြောက်ဘက်တွင် ခမယ်ကျေးရွာရှိသည်။ ကြာကန်ကျေးရွာသည် ကျောက်တန်းမြို့၏ တောင်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာတွင်ဆန်စက်(၁)လုံးရှိပြီး စာသင်ကျောင်းတစ်ကျောင်း လည်းရှိပါသည်။ ကျေးလက်ဆေးခန်းမရှိသလို လျှပ်စစ်မီးရရှိခြင်းလည်း မရှိသေးပေ။ ကျေးရွာတွင် သုသာန်တစ်ခုလည်းရှိသည်။ ကျေးရွာတွင်းလမ်းများမှာ (၇)လမ်းရှိပြီး မြေသားလမ်းများဖြစ်သည်။

၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ဥစ္စာဓနကြွယ်ဝမှုဇယား ၄၊၇၊၂၀၁၇

ကြာကန်ကျေးရွာ၊ ရွာသစ်ကလေးကျေးရွာအုပ်စု ကျောက်တန်းမြို့။

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ချမ်းသာသောအဆင့် | လယ်မြေ(၃၀)နှင့်အထက်၊ ထွန်စက်၊ စပါးရိတ်စက်၊ တိုက်ခံ့အိမ်ပြင်ထောင်သွပ်မိုး၊ ဆန်စက်၊ ဆိုင်ကယ်၊ ကျွဲ၊ နွား၊ TV၊ ဆိုလာ၊ မီးစက် | ၁၀ | ၇% |
| ၂။ | အလယ်အလတ်အဆင့် | လယ်မြေ(၃၀)အောက်၊ နွားပျံ၊ ထွန်ဒေါင်း၊ နွား၊ TV၊ ဆိုလာ၊ ဆိုင်ကယ် သွပ်မိုးထရံကာ၊ | ၆၀ | ၄၀% |
| ၃။ | ဆင်းရဲသောအဆင့် | TV၊ ဆိုလာ၊ ဆိုင်ကယ်၊ ဓနိမိုးဓနိကာ၊ ရက်ဘိုး | ၈၀ | ၅၃% |

ပါဝင်ဆွေးနွေးသူ

ကျား - ၁၂


မ - ၁၉

## သုံးသပ်ချက်

ကြာကန်ကျေးရွာတွင် ချမ်းသာသောအဆင့်၊ အလယ်အလတ်အဆင့်၊ နွမ်းပါးအဆင့်ဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိသည်။ ချမ်းသာသောအဆင့်တွင် ပျဉ်ထောင်၊ သွပ်မိုး၊ လယ်(၃၀)နှင့် အထက်၊ ထွန်စက်၊ ဆန်စက်၊ ဆိုင်ကယ်၊ ဆိုလာ၊ ထော်လာဂျီ၊ ဖုန်း၊ တီဗွီ၊ ကျွဲ၊ နွား၊ စက်လှေစသည်တို့ ပိုင်ဆိုင်ခြင်းများဖြစ်ပြီး အိမ်ထောင်စုမှာ(၁၀)စုဖြစ်ကာ ရာခိုင်နှုန်းမှာ(၇%)ဖြစ်ပြီး အလယ်အလတ်အဆင့်တွင် လယ်ဧက(၃၀)အောက်၊ ရွှေနွားပျံစက်၊ ဝွန်ဒေါင်း၊ နွား၊ ဆိုင်ကယ်၊ ဆိုလာ၊ သွပ်မိုးထရံကာ၊ တီဗွီစသည်တို့ပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ(၆၀)စုဖြစ်ပြီး ရာခိုင်နှုန်းမှာ(၄၀%) ဖြစ်သည်။ နွမ်းပါးသောအဆင့်တွင် ဆိုင်ကယ်၊ တီဗွီ၊ ဆိုလာ၊ ဓနိမိုး၊ ဓနိကာ၊ စက်ဘီးပိုင်ဆိုင်ခြင်းတို့ဖြစ်ပြီး အိမ်ထောင်စုမှာ(၈၀)စုဖြစ်ကာ ရာခိုင်နှုန်းမှာ(၅၃%) ဖြစ်သည်ဟု ကျေးရွာသူ ရွာသားများမှသတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်းနွမ်းပါးရခြင်းမှာ ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးခြင်း၊ ပုံမှန်ဝင်ငွေမရှိခြင်း၊ အရွယ်မတိုင်ခင် လုပ်ငန်းခွင်ကိုဝင်ရခြင်းများ၊ အသိပညာ၊ အတတ်ပညာများကြောင့် နည်းပါးခြင်းများကြောင့် ကြာကန်ကျေးရွာတွင် နွမ်းပါးသူများပြားရခြင်း၏ အဓိကအကြောင်း အရင်းများဖြစ်သည်။

၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။




**သုံးသပ်ချက်**

**ရာသီဥတု** တန်ခူး၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် ရာသီဥတု သာယာပြီး ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် မိုးများသည်း ထန်စွာရွာသွန်းကြသည်။

**စပါးစိုက်ပျိုးခြင်း** ကဆုန်၊ နယုန်လများတွင် စပါးစိုက်ပျိုးခြင်းကို စတင်လုပ်ကိုင်ကြပြီး ဝါဆို၊ ဝါခေါင်လများ တွင် ပျိုးနှုတ် ကောက်စိုက်ခြင်းကို လုပ်ကိုင်ကြပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် စပါးရိတ်သိမ်းခြင်းကို ပြုလုပ်ကြသည်။


**ပဲစိုက်ပျိုးခြင်း** တန်ဆောင်မုန်း၊ နတ်တော်လများတွင် လယ်ထွန်၊ ပဲကျဲခြင်း စသည်တို့ကို လုပ်ကိုင်ကြပြီး ပြာသိုလတွင် ပဲဆေးဖြန်းခြင်းလုပ်ငန်းကို လုပ်ကိုင်ပြီး တပိုတွဲလ၊ တပေါင်းလများတွင် ပဲရိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ပါသည်။

**ပွဲတော်များ** တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်လတွင် ကထိန်ပွဲတော်၊ တန်ဆောင်မုန်းလတွင် မီးထွန်းပွဲတော်၊ တပေါင်းလတွင် ကြာကန်ကျေးရွာ၏ ဘုရားပွဲတော်ရှိပါသည်။

**အလုပ်အကိုင်ရရှိမှု** ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် လုပ်ငန်း များ မအားလပ်ကြပဲ ပြာသိုလတွင် လုပ်ငန်းများ အနည်းငယ် အားလပ်သော်လည်း တန်ခူး၊ တော်သလင်းလများတွင် လုပ်ငန်းများလုံးဝမရှိပဲ အားလပ်ကြောင်းတွေ့ရှိရသည်။

**ဝင်ငွေရရှိမှု** ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ တပိုတွဲ၊ တပေါင်းလများတွင် ဝင်ငွေများသော်လည်း ပြာသိုလတွင် ဝင်ငွေနည်းသည်။ တန်ခူး၊ တော်သလင်းလများ တွင် ဝင်ငွေမရှိသလောက် နည်းပါးသည်။

၄။ ဗင်းပုံစံ သုံးသပ်ချက်။




**သုံးသပ်ချက်**

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှူး၊ ကျေးရွာလူမှုရေးအဖွဲ့၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့သည် ကျေးရွာ၏ပညာရေး မြင့်မားလာစေရန်နှင့် ကျေးရွာဖွံ့ဖြိုး တိုးတတ်လာစေရန်အတွက် ပူးပေါင်းဆောင်ရွက်ကြပြီး အမျိုးသမီးများ၏ အခက်အခဲများကို ဖြေရှင်းပေးပါသည်။ မြစိမ်းရောင်အဖွဲ့သည် ကျေးရွာ၏ စီးပွားရေး လုပ်ငန်းများအား တိုးချဲ့လုပ်ဆောင်ခြင်း၊ ကျေးရွာ၏အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။ မီးအဖွဲ့သည်လည်း ကျေးရွာ၏သာရေး၊ နာရေးကိစ္စများတွင်ကူညီပေးသည်။ ယခုအခါ လူထုဗဟိုပြုစီမံကိန်း ကော်မတီများသည်လည်း ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများတွင်တက်တက်ကြွကြွပူးပေါင်း ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

ကျေးရွာပြင်ပ အဖွဲ့အစည်းဖြစ်သော မြို့နယ်ထွေအုပ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဘဏ်၊ ကျေးလက်ဦးစီး၊ ဆည်မြောင်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာနနှင့် မြို့နယ်လူထုဗဟိုပြုစီမံကိန်းအဖွဲ့ စသည့်အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက် ဆောင်ရွက်နေ သည်ကိုလဲ တွေ့ရှိရပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ဆုံးဖြတ်ပိုင်ခွင့်** အမျိုးသားများသည် အမျိုးသမီးများထက် ဆုံးဖြတ်ပိုင်ခွင့် ပိုမိုရရှိသည်ကို တွေ့ရသည်။

**အဖွဲ့အစည်းများတွင်ပါဝင်ခွင့်** အမျိုးသားများသည် အမျိုးသမီးများထက် အဖွဲ့အစည်းများတွင် ပိုမိုပါဝင်ခွင့်များ ရရှိကြသည်။

**ဝင်ငွေရရှိမှု** ဝင်ငွေရရှိမှုတွင် အမျိုးသမီးများက အိမ်မှုကိစ္စများနှင့် အချိန်ကုန်နေရသော ကြောင့်ဝင်ငွေ နည်းပါးနေသည်ကိုတွေ့ရပြီး အမျိုးသားများသည် အိမ်၏ဝင်ငွေအဓိက ရှာရသူမျိုးဖြစ်နေပြီး ဝင်ငွေပိုမိုရရှိသည်ကို တွေ့ရပါသည်။

**လုံခြုံမှု** အမျိုးသားများသည် အမျိုးသမီးများထက် လုံခြုံမှုအပြည့်ရှိသည် ကိုတွေ့ရပြီး အမျိုး သမီးများ၏လုံခြုံမှုမှာ အားနည်းကြောင်း တွေ့ရှိရပါသည်။

**ပညာရေး** ပညာသင်ကြားရေးတွင် ယခုအခါ အမျိုးသမီးများသည် ပိုမိုအခွင့်အရေးရရှိသည်ကို တွေ့ရှိရပါသည်။

**ကျန်းမာရေး** ကျန်းမာရေးအသိ ပညာရှိမှုတွင် အမျိုးသမီးများက ပိုမိုအားသာကြောင်းတွေ့ရှိရသည်။

**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာအတွင်း အမျိုးသားများက အလုပ်အကိုင် အခွင့်အလမ်းပိုမိုရရှိပြီး အမျိုး သမီးများ၏ အလုပ်အကိုင် အခွင်အလမ်းမှာ နည်းပါးပါသည်။

**အိမ်မှုကိစ္စ** အမျိုးသားများသည် အိမ်မှုကိစ္စအပေါ်တွင် ပူးပေါင်းပါဝင်မှု ရှိသော်လည်း အမျိုး သမီးများကသာ အိမ်မှုကိစ္စများကို လုပ်ဆောင်ရမည်ဟူသော အစဉ်အလာအရ ယခုအချိန်ထိ အမျိုးသမီးများကသာ အများဆုံးလုပ်ဆောင်ရသည်ကို တွေ့ရှိရပါသည်။

၆။ပိုင်ဆိုင်မှု သုံးသပ်ခြင်း။




ပိုင်ဆိုင်မှုသုံးသပ်ခြင်း (အသုံးပြုခြင်း)
ကျား
မ
ကျား+မ
ဆိုင်ကယ်
စက်ဘီး
နွား
လယ်ထွန်စက်
အပ်ချုပ်စက်
ရွှေ
လယ်
ရေကန်
လမ်း
စာသင်ကျောင်း
ဆိုလာမီး
TV
ပါဝင်ဆွေးနွေးသူ
ကျောက်တန်းမြို့

## သုံးသပ်ချက်

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ဆိုင်ကယ်၊ စက်ဘီး၊ လယ်ထွန်စက်၊ ထော်လာဂျီ၊ နွားပုံ၊ လယ်၊ ရေကန်၊ စာသင်ကျောင်း၊ ဆိုလာမီး၊ တီဗွီစသည်တို့ကို အမျိုးသားများက ထိန်းချုပ်ထားကာ အပ်ချုပ်စက်၊ အိုးခွက်ပန်းကန်၊ သနပ်ခါးတုံး၊ မိတ်ကပ်၊ ရွှေတို့ကို ထိန်းချုပ်ထားပြီး နွား၊ လမ်းစသည်တို့ကို အမျိုးသား/ အမျိုးသမီး များက ထိန်းချုပ်ကြပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော ဆိုင်ကယ်၊ စက်ဘီး၊ နွား၊ လယ်ထွန်စက်၊ ထော်လာဂျီ၊ နွားပုံစသည်တို့ကို အမျိုးသားများက အသုံးပြုပြီး အပ်ချုပ်စက်၊ အိုးခွက်၊ ပန်းကန်၊ သနပ်ခါးတုံး၊ မိတ်ကပ်၊ ရွှေစသည်တို့ကို အမျိုးသမီးများက အသုံးပြုပါသည်။ လယ်၊ ရေကန်၊ လမ်း၊ စာသင်ကျောင်း၊ဆိုလာမီး၊ တီဗွီစသည်တို့ကို အမျိုးသား၊ အမျိုးသမီးများက အသုံးပြုကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများကို ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေး၏ အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့သည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားခဲ့သည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြု လုပ်သော လုပ်ငန်းခွဲ များတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြား ခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီးတစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။ ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့်အုပ်စုများ ဖွဲ့၍ အခက်အခဲများ၊ မျှော်မှန်းချက်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းခွဲများ ထွက်ပေါ်လာသည်ထိ ဖော်ထုတ်ခြင်း လုပ် ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၄.၁၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော် ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး | √ | | |

| | | | | |
|---|---|---|---|---|
| | ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



ကော်မတီဝင်များယခုနှစ်အတွက်ဆက်လက်လုပ်ကိုင်ပေးနိုင်/မပေးနိုင် လက်ထောက်နည်းပညာမှူးမှ မေးမြန်းနေပုံ



အစားထိုးကော်မတီဝင်များကို ကျေးရွာလူထုမှ မဲပေးရွေးချယ်နေသောမှတ်တမ်းဓါတ်ပုံ



ကျေးရွာအမျိုးသမီးများမှ လူမှုဆန်းစစ်မှု မှတ်တမ်းဓါတ်ပုံ




ကျေးရွာလူထုအမျိုးသားများမှ လူမှုဆန်းစစ်မှု မှတ်တမ်းဓါတ်ပုံ



ကော်မတီအဖွဲ့ဝင်များ၏ မှတ်တမ်းဓါတ်ပုံ



စီမံကိန်းလုပ်ငန်းခွဲ မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ

စီမံကိန်းလုပ်ငန်းခွဲ မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ





CMT သင်တန်းမှတ်တမ်းဓါတ်ပုံများ



CMTသင်တန်းပြီးစီးသော မှတ်တမ်းဓါတ်ပုံ



ဝယ်ယူရေးစီမံချက်ရေးဆွဲပြီးမှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးသိန်းမြင့် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ဝင်းသန္တာ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးမြင့်သောင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးရွှေကြည် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်စိုးစိုးဦး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးမြင့်သိန်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်သင်းသင်းအောင် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ခင်ဆန်းမွေး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးသိန်းဝင်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဦးသန်းဇော် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်ရီရီဝင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးအောင်သိန်း | ကျား | ဝေဖန်အကြံပြုချက်ဖြေရှင်းရေးဆပ်ကော်မတီ |
| ၁၃ | ဒေါ်သင်းစိန် | မ | ဝေဖန်အကြံပြုချက်ဖြေရှင်းရေးဆပ်ကော်မတီ |
| ၁၄ | ဦးသိန်းဇော်ဝင်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်ကေကေခိုင် | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးအောင်မင်းထွေး | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၆) ယောက်　　ကျား(၉)ယောက်+မ(၇)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးသိန်းမြင့်　　ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ
၂။ဒေါ်ဝင်းသန္တာ　　ဘဏ္ဍာရေးဆက်ကော်မတီအဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ဇင်မာလှိုင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။၄.၁၂.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ ဖြည့်စွက်ရမည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီဖြည့်စွက်ရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|---|
| ဦး ကျော်သိန်း လွင် | | ၀၉၇၈၀၀၄၉၀၃၃၇ | | ဒေါ်ခင်မာမြိုင် |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | | ကျေးရွာအုပ်စု | ကျေးရွာ |
| ရန်ကုန် | ကျောက်တန်း | | ရွာသစ်ကလေး | ကြာကန် (တောင်) |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) [illegible] | ၁၅ | ဘာသာ (၁) [illegible] | ၁၅ |
| လူမျိုးစု (၂) ဗမာ | ၁၃၅ | ဘာသာ (၂) [illegible] | ၁၃၅ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)- [illegible] | ၂၃၁ | ၂၅၀ |
| လူမျိုးစု (၂)- ဗမာ | ၂၇၈ | ၂၈၅ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၄၀ | ၁၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း ✓ | ကွန်ကရစ်လမ်း ✓ | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း ✓ | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ ✓/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် မိနစ် ၃၀ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ..........

မိုးရာသီတွင်ကြာချိန် ၂ နာရီ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ..........

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ရေဝင်

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မြဒိမ်ကျောင်း

(၂) သာရေး/နာရေးအဖွဲ့

(၃) ကာလသားအဖွဲ့

(၄) ဝိမ်းကျေငွေ လူမှုကူညီရေးအဖွဲ့

(၅) ယုံကြည်ဗဟို ဖြစ်စီမံကိန်း

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးကျော်ဆန်းလွင်

လက်မှတ် [signature] နေ့စွဲ ၄.၁၂.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်မာလှိုင်

လက်မှတ် [signature] နေ့စွဲ ၄.၁၂.၂၀၁၇

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ရင်မာလှိုင် |
| နေ့စွဲ ၄.၁၂.၂၀၁၇ \| စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ◻ စက်ဝန်း(၁) ✓ စက်ဝန်း(၂) ◻ စက်ဝန်း(၃) ◻ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရန်ကုန် ကျောက် မြို့နယ် တန်း \| ကျေးရွာအုပ်စု ရွာသစ်ကြီး \| ကျေးရွာ ကြာကန်(တောင်) |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျန်းမာရေးအခက်အခဲ၊ ပညာရေးအခက်အခဲ | ၁ | ပညာရေးအခက်အခဲ၊ ကျန်းမာရေးအခက်အခဲ |
| ၂ | ချောင်းမြောင်းများကော်ခြင်းအခက်အခဲ | ၂ | စီးပွားရေးနှင့်စားဝတ်နေရေးအခက်အခဲ |
| ၃ | စားဝတ်နေရေးအခက်အခဲ | ၃ | ကျန်းမာရေးအခက်အခဲ |
| ၄ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ | ၄ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ |
| ၅ | စီးပွားရေးအခက်အခဲ | ၅ | ချောင်းမြောင်းမကောင်းခြင်းနှင့် မီးမရှိသောအခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ဆေးပေးခန်းနှင့် ဝန်ထမ်းလိုချင်သည်။ | ၁ | လမ်း၊ တံတားများကောင်းစေချင် |
| ၂ | ချောင်းမြောင်းများကောင်းစေချင်သည် | ၂ | စာသင်ကျောင်းဆောင်များကောင်းစေချင် |
| ၃ | စာသင်ကျောင်းဆောင်များကောင်းစေချင် | ၃ | ကျန်းမာရေးဆေးခန်းနှင့် လျှပ်စစ်မီးလိုချင် |
| ၄ | စက်ရုံ၊ အလုပ်ရုံနှင့်မျိုးကောင်းမျိုးသန့်လိုချင် | ၄ | စက်ရုံ၊ အလုပ်ရုံများရှိစေချင် |
| ၅ | လမ်း၊ တံတားကောင်းစေချင် | ၅ | စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်၊ ရေ/လမ်းကောင်းနှင့် ချောင်းမြောင်းများကောင်းစေချင် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာဝင်လမ်းများကျောက်ခင်း | က + မ | ၇၀၇၅၃၃၃၀ | ၅၆၂ |
| ၂ | ရွာဘိုဝကန်ရေကန်ခြံစည်းရိုး | က + မ | ၇၀၀၀၀၀၀ | ၅၆၂ |
| ၃ | ရွာတောင်ကန် 〃 | က + မ | ၇၀၀၀၀၀၀ | ၅၆၂ |
| ၄ | ရွာလယ်ကန် 〃 | က + မ | ၇၀၀၀၀၀၀ | ၅၆၂ |
| ၅ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၅ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ချောင်းမြောင်းများပြုပြင်ပေးချင် | အမျိုးသား + အမျိုးသမီး | |
| ၂ | ကျန်းမာရေးဝန်ထမ်းလိုချင် | - | |
| ၃ | ပညာရေးအလယ်တန်း ဖြစ်စေချင် | အမျိုးသမီး | |
| ၄ | ပညာရေးဝန်ထမ်း[illegible]လိုချင် | အမျိုးသား | |
| ၅ | စိုက်ပျိုးရေးအတွက်ထော်လာဂျီ လိုချင် | အမျိုးသား + အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီမှ အတည်ပြုသည်။

အမည် ဒေါ်ဝင်းသန္တာ လက်မှတ် [signature] နေ့စွဲ ၄-၁၂-၁၇

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ပြုလုပ်သည့်နေရာ | ။ | ကျေးရွာဘုန်းတော်ကြီးကျောင်း၊ ကြာကန် (တောင်) |
| ပြုလုပ်သည့်နေ့ရက် | ။ | ၄.၁၂.၂၀၁၇ |
| ပြုလုပ်သည့်အချိန် | ။ | ၁၀း၃၀ မှ ၁၂း၀၀ ထိ |
| ကျေးရွာအုပ်စုအမည် | ။ | ရွာသစ်ကလေး |
| မြို့နယ်အမည် | ။ | ကျောက်တန်းမြို့ |

---

အစည်းအဝေးတက်ရောက်သူ ။ ကျား (၃၈) + မ (၃၉) = (၇၇) ဦး

အကြောင်းအရာ ။ ရွာသစ်ကလေး ကျေးရွာအုပ်စု၊ ကြာကန် (တောင်) ကျေးရွာ ၃-နှစ်စက်ဝန်း၊ ပထမအကြိမ် မိတ်ဆက်အစည်းအဝေး ပြုလုပ်ခြင်း။

ဆွေးနွေးချက် ။ ကြာကန် (တောင်) ၃-နှစ်စက်ဝန်း ပထမ အကြိမ် မိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူး ဒေါ်ခင်မာလှိုင် နှင့် လက်ထောက်နည်းပညာမှူး ဒေါ်လင်းဆန်နီထွန်း မှ မိတ်ဆက်စကား ပြောကြားခဲ့ပြီး ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဒေါ်ခင်မာလှိုင်မှ စီမံကိန်းစက်ဝန်း နှင့် လူထုဗဟိုပြုစီမံကိန်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထပ်မံပြီး စီမံကိန်း ၃-နှစ်စက်ဝန်းတွင် ကော်မတီဝင်များ နှင့် ကျေးရွာလူထုများသည် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ပေးရန် ပြောကြားခဲ့ပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်ခင်မာလှိုင်မှ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်မှာ နွမ်းပါးသော လူထုကို ဗဟိုပြု၍ ကျေးရွာ၏ အမှန်တကယ်လိုအပ်သော အခြေခံအဆောက်

များဖြစ်သည့် လမ်း၊ တံတား၊ အဆောက်အဦးများ ပြုပြင်ခြင်းနှင့် အသစ်ဆော

လုပ်ပေးသော စီမံကိန်း ဖြစ်ကြောင်း ကို ရှင်းပြခဲ့ပါသည်။

ထို့နောက် စီမံကိန်း (၁၅) ချက်ကို ဆက်လက်ရှင်းလင်း ပြောကြားခဲ့

ယာဉ်ထောက်ပံ့ငွေသည် ကိုယ်တောင်ရ (၅၀%) တက်မှသာ ရရှိမည်ဖြစ်ကြော

လက်ထောက်နည်းပညာမှူး ဒေါ်လင်းဆန်နီထွန်းနှင့် ယုဝတီစည်းရုံးရေးမှူး

ဒေါ်ရင်မာလှိုင်တို့မှ ၃-နှစ်စက်ဝန်းအတွက် ကျေးရွာလူမှုဆန်းစစ်မှုပြုလုပ်

ရာတွင် အရင်းအမြစ်ပြမြေပုံ၊ ရာသီဥတုပြပြက္ခဒိန်၊ မင်းပုံစံ၊ ပင့်ကူကွန်ယက်သုံး

သပ်ချက်၊ ပိုင်ဆိုင်မှုသုံးသပ်ချက်နှင့် ဥက္ကာဌ အဆင့်သတ်မှတ်ချက်များ စ

သည့် လူမှုဆန်းစစ်ချက်များ ပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းပြခဲ့

ပါသည်။ ထို့နောက် ဆက်လက်၍ ဒုတိယအကြိမ် အစည်းအဝေးကို မကြာမီ

ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်း

ခဲ့ပါသည်။

(ဖြတ်တမ်းတင်သူ)

ဒေါ်ရင်မာလှိုင်

CF

လူထုဗဟိုပြုစီမံကိန်း
ကျောက်တန်းမြို့

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ပြုလုပ်သည့်နေရာ | ။ ကျေးရွာဘုန်းတော်ကြီးကျောင်း၊ ကြာကန် (တောင်) ။ |
| ပြုလုပ်သည့်နေ့ရက် | ။ ၄.၁၂.၂၀၁၇ |
| ပြုလုပ်သည့်အချိန် | ။ ၁၂:၀၅ မှ ၄:၀၀ ထိ |
| ကျေးရွာအုပ်စုအမည် | ။ ရွာသစ်ကလေး |
| မြို့နယ်အမည် | ။ ကျောက်တန်းမြို့၊ |

---

အစည်းအဝေးတက်ရောက်သူ ။ ကျား (၃၈) + မ (၃၉) = (၇၇) ဦး

အကြောင်းအရာ ။ ။ ရွာသစ်ကလေးကျေးရွာအုပ်စု၊ ကြာကန် (တောင်) ကျေးရွာ ၃-နှစ်စက်ဝန်း၊ ဒုတိယအကြိမ် စီမံကိန်း အစည်းအဝေး ပြုလုပ်ခြင်း။

ဆွေးနွေးချက် ။ ။ ရွာသစ်ကလေးကျေးရွာအုပ်စု၊ ကြာကန် (တောင်) ကျေးရွာ ဒုတိယအကြိမ်အစည်းအဝေးတွင် ကျေးရွာစီ/ထောက်ခေါင်းဆောင် ဒေါ်ဝင်းသန္တာမှ မိမိကျေးရွာ၏ လိုအပ်သော လုပ်ငန်းခွဲများ ရွေးချယ်ရာတွင် ကျေးရွာ၏ အမှန်တကယ်လိုအပ်သော လုပ်ငန်းခွဲများကိုသာ ဖော်ပေးကြရန်နှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ပါသည်။

လက်ထောက်နည်းပညာရှင်ဒေါ်လင်းဆုံနွယ်မှလည်း စီမံကိန်းနှင့်ပတ်သက်သော ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် လမ်းညွှန်ချက်များကို အကျဉ်းချုပ်ရှင်းပြပြီး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရာတွင် လူထုကပူးပေါင်းမှ အောင်မြင်မည် ဖြစ်ကြောင်း ရှင်းပြဆွေးနွေး

ခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန်အတွက် ယခင်နှစ်က လုပ်ဆောင်သောလုပ်ငန်းခွဲများအကြောင်းကို ရှင်းပြပြီး ၃-နှစ်စက်ဝန်းတွင်လည်း လုပ်ငန်းခွဲသစ်များ ပြန်လည်ပြင်ဆင်လိုပါက မဲစနစ်ဖြင့် ပြန်လည်ရွေးချယ်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်. မဲစနစ်ဖြင့် ရွေးချယ်၍ မဲအများဆုံးရရှိပါကလည်း နည်းပညာအရ လုပ်ဆောင်၍ ရမှသာ လုပ်ဆောင်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်-

ကျေးရွာလူထုက လုပ်ငန်းခွဲများကို ပြန်လည်မရွေးချယ်လိုကြောင်း ပြောကြားသဖြင့် ယခင်နှစ်က ရွေးချယ်ထားသော လုပ်ငန်းခွဲများကိုသာ လုပ်ကိုင်စေလိုကြောင်း၊ ယခင်နှစ် လုပ်ငန်းစဉ်များမှာ-

၁- ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း

၂- ရွာထိပ်ကန် ရေကန်ခြံစည်းရိုးခတ်ခြင်း

၃- ရွာတောင်ကန် ရေကန်ခြံစည်းရိုးခတ်ခြင်း

၄- ရွာလယ်ကန် ရေကန်ခြံစည်းရိုးခတ်ခြင်းတို့ဖြစ်ပါသည်-

ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်ခင်စောလှိုင်မှ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ထပ်မံရှင်းပြပြီး ပထမနှစ်စက်ဝန်းတွင် လုပ်ဆောင်ခဲ့သောကော်မတီဝင်များသည် ဒုတိယနှစ်စက်ဝန်းတွင်လည်း ဆက်လက်၍ ကော်မတီအနေဖြင့် တာဝန်ထမ်းဆောင်နိုင်ပါသလား ဟု တစ်ဦးချင်းစီကိုမေးမြန်းသောအခါ ကော်မတီအဖွဲ့ဝင်အားလုံးတွင် စီ/ဆောက်ခေါင်းဆောင်-ဦးကျော်ဇင်ဦး၊ ဝယ်ယူရေးအဖွဲ့ဝင်- ဦးတင်သိန်း ၊ စာရင်းကိုင် - ဦးလှိုင်ကျော်၊ စောင့်ကြည့်ကြီးကြပ်အဖွဲ့ဝင် - ဒေါ်မေခင်ဦး နှင့် ဦးမြင့်ဦး ၊ စေတနာ့ဝန်ထမ်း - ဦးတင်ဝင်း ၊ လည်ပတ်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ဝင် - ဦးသိန်းထွန်း

တို့မှ မိမိတို့မှာ နုတ်ပယ်ဒုစ်ကော်ဝ်တွင် မိမိတို့မှာ အချိန်ပြည့်ဝင်ရောက် လုပ်ကိုင်ပေးနိုင်ခြင်း မရှိသောကြောင့် မိမိတို့နေရာများတွင် အသစ်ပြန်လည်ရွေးချယ်ပေးစေလိုကြောင်း ပြောကြားသဖြင့် မဲစနစ်ဖြင့် ပြန်လည်ရွေးချယ်ပေးခဲ့ရာ ၈/ကောက် ခေါင်းဆောင်နေရာကို မဲအများဆုံးဖြင့် - ဦးသိန်းမြင့်မှ လည်းကောင်း၊ ဝယ်ယူရေးအဖွဲ့ဝင်နေရာတွင် - ဦးမြကြည်မှ လည်းကောင်း၊ စာရင်းကိုင်နေရာကို - ဦးကောင်းစင်ထွေးမှ လည်းကောင်း၊ စောင့်ကြည့်ကြီးကြပ်နေရာကို - ဒေါ်ခင်ဆန်းမြ နှင့် ဦးမြင့်သိန်း မှ လည်းကောင်း၊ စေတနာ့ဝန်ထမ်းနေရာကို - ဦးသိန်းဇော်ဝင်းမှ လည်းကောင်း၊ လည်ပတ်ပြုပြင်ထိန်းသိမ်းရေး နေရာကို - ဦးသိန်းဝင်း တို့မှ မဲအများဆုံးဖြင့် အသားတိုး ပြောင်းလဲပေးခဲ့သည်။

ထို့နောက် လက်တောက်နည်းပညာရှင် ဒေါ်လင်းဆန်းနီထွန်းမှ လုပ်ငန်းခွဲများကို ပြန်လည်အနှစ်ချုပ်ဆွေးနွေး၍ ( ၄း၀၀ )တွင်အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

ဆုံးဖြတ်ချက်။ "ကျေးရွာလူထုက မဲပေးရွေးချယ်ထားသော လုပ်ငန်းခွဲများကို ဦးစားပေးအလိုက် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

( မှတ်တမ်းတင်သူ )
ဒေါ်ခင်မာလှိုင်
CF

နောက်ဆက်တွဲ(၄) ခြားနားသော အပိုင်းများအတွက် ဦးစားပေးမှု ပြုစုရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ဖြစ်ပေါ်မှုမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| [illegible] | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| [illegible] | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | [illegible] ရရှိရန် | ☑ မ<br>☑ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| [illegible] | ၁ | ကျန်းမာရေး [illegible] ရရှိရန် | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| [illegible] | ၁ | [illegible] ရရှိရန် | ☑ မ<br>☐ ကျား | | |
| | ၂ | [illegible] | ☐ မ<br>☑ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | ချောင်းမြောင်းများ ပြုပြင်ရန် | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

## ၁ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

| | | | |
|---|---|---|---|
| ထိန်းချုပ်သူ- | ရက်စွဲ- | ရွာ- | VDP ရက်စွဲ- |
| | | မြို့နယ်- | ကျေးရွာအုပ်စု- |

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ။
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ။
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ။